မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၀ ၂၀၁၃ ခု ဩဂုတ်လ

- ခြိမ်းခြောက်နှောက်ယှက်မှုများနှင့် အစိုးရမှသတ်မှတ်ထားသော အတားအဆီးများက ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးသံတမန်သောမတ်စ်အိုဂျေကွင်တားနား၏ခရီးစဉ်အား အားမလိုအားမရဖြစ်စေခဲ့သည်။ ခရီးစဉ်အဆုံးတွင် အိုဂျေကွင်တားနားက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသည် အရေးကြီးသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်သည်ဟုပြောကြားခဲ့သည်။
- ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေအရ အာဏာပိုင်များထံမှကြိုတင်ခွင့်ပြုချက်မရယူခဲ့ပဲပြုလုပ်ခဲ့သော ဆန္ဒပြပွဲများတွင်ပါဝင်ခဲ့သည့်အတွက် တက်ကြွလှုပ်ရှားသူ ၂၀ အားအစိုးရအာဏာပိုင်များက စိတ်ထင်သလိုဖမ်းဆီးခဲ့ကြသည်။
- ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ရိုဟင်ဂျာများအပေါ် ပြင်းထန်သောချိုးဖောက်အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေခဲ့ကြသည်။ စစ်တွေမြို့နယ်တွင် IDP ရိုဟင်ဂျာနစ်ဦးအားရဲတို့က သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ အစိုးရကလည်း ၂၀၁၂ ခုနှစ်ကဖြစ်ပွားခဲ့သောမငြိမ်မသက်မှုများနှင့်ဆက်စပ်ကာ ရိုဟင်ဂျာ ၄၃ ဦးအားထောင်ဒဏ်များချမှတ်ခဲ့သည်။
- ရခိုင်ပြည်နယ်ရှိလူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းများအပေါ် ရခိုင်လူထုမှပစ်မှတ်ထားပြုလုပ်လာကြသည့် ခြိမ်းခြောက်မှုများနှင့်နှောက်ယှက်မှုများအား အစိုးရမှဟန့်တားရန်ပျက်ကွက်ခဲ့ကြသည်။
- ရခိုင်နိုင်ငံရေးပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ရန်ဥပဒေကို တင်သွင်းခဲ့သည်။ အကယ်၍ထိုဥပဒေကိုအတည်ပြုပြဋ္ဌာန်းခဲ့ပါက ၎င်းသည်ရိုဟင်ဂျာများ၏နိုင်ငံရေးအခွင့်အရေးကို ပယ်ဖျက်ပစ်လိမ့်မည်ဖြစ်သည်။

ဤသတင်းလွှာတွင်
ပင်မသတင်း
၂ အိုဂျေကွင်တားနား၏ခရီးစဉ်
၂ လူ့အခွင့်အရေးဆိုင်ရာစိန်ခေါ်မှုများ
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၃ ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုများ
၃ ကူညီကယ်ဆယ်ရေးဝန်ထမ်းများ အလုပ်မှနုတ်ထွက်ကြ
၄ နောက်ထပ်မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ
၄ သတ္တမအကြိမ်မြောက်လွှတ်တော်အစည်းအဝေး
၅ ၈၈၈၈ နှစ်ပတ်လည်ကျင်းပ
၆ တိုင်းရင်းသားဒေသများမှပဋိပက္ခများ
၆ အစိုးရနှင့် ABSDF သဘောတူညီမှု
၇ မုံရွာကြေးနီမိုင်းနောက်ဆုံးရသတင်း
၇ မြန်မာနိုင်ငံတွင် ရေလွှမ်းမိုးခံရ
လူ့အခွင့်အရေး
၇ ကျိုးကြောင်းမဲ့ဖမ်းဆီးမှုများဆက်လက်ဖြစ်ပွား
အိုးအိမ်မှဖယ်ရှားခံရမှုများ
၈ ထိုင်းနိုင်ငံမှရိုဟင်ဂျာဒုက္ခသည်များ
၉ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၀ အစီရင်ခံစာများ

- မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများသည် ခြောက်လမြောက်ဆက်တိုက် ဆက်လက်ဖြစ်ပွားနေခဲ့သည်။ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်တွင် မွတ်စလင်ပိုင်နေအိမ်နှင့်ဈေးဆိုင်ဒါဇင်ပေါင်းများစွာတို့ကို ဗုဒ္ဓဘာသာဝင်လူအုပ်စုများက မီးရှို့ဖျက်ဆီးခဲ့ကြသည်။
- အစိုးရတပ်များ၏ကျူးကျော်တိုက်ခိုက်မှုများသည် ကချင်၊ ကရင်နှင့်ရှမ်း ပြည်နယ်တို့တွင်ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ အစိုးရတပ်များနှင့် အစိုး ရမှကျောထောက်နောက်ခံပေးထားသော နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ သည် ကချင်လွတ်မြောက်ရေးတပ်မတော်၊ တအောင်းအမျိုးသားလွတ် မြောက်ရေးတပ်မတော်၊ ရှမ်းပြည်တပ်မတော် - မြောက်၊ ရှမ်းပြည်တပ်မ တော် - တောင် နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အားတိုက်ခိုက်ခဲ့ကြသည်။
- NGO အားလုံးသည် သက်ဆိုင်ရာဝန်ကြီးဌာနကော်မတီများ၌ မှတ်ပုံတင်ရန်လိုအပ်ပြီးထိုသို့မတင်ပါက အဖွဲ့အစည်းကိုယ်စားလှယ်များအား ထောင်ဒဏ်အပစ်ပေးရန်ပြဋ္ဌာန်းထားသော အသင်းအဖွဲ့များဆိုင်ရာဥပဒေမူကြမ်းအားလွှတ်တော်မှ ပြန်လည် ဆန်းစစ်ခဲ့သည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

မြိမ်းခြောက်မှုများနှင့်ကန့်သတ်မှုများကြောင့် အိုဂျေကွင်တားနား၏ခရီးစဉ်မှာအားမလိုအားမရဖြစ်ရ

ဩဂုတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးသံတမန်သောမတ်စ်အိုဂျေကွင်တားနားသည် မြန်မာနိုင်ငံသို့ ၁၁ ရက်ကြာခရီးစဉ်အတွက်ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့သည်။ ထိုခရီးစဉ်အတွင်းတွင် အိုဂျေကွင်တားနားသည် ရခိုင်ပြည်နယ် စစ်တွေ၊ဘူးသီးတောင်၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ ချင်းပြည်နယ် ကန်ပက်လက်၊မင်းတပ်၊ ရှမ်းပြည်မြောက်ပိုင်း လားရှိုးနမ့်ခမ်းနှင့်မန္တလေးတိုင်း မန္တလေးနှင့်မိတ္ထီလာတို့သို့သွားရောက်ခဲ့သည်။ အထူးသံတမန်သည် နေပြည်တော်တွင် အစိုးရဝန်ကြီးများ၊အရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အခြား လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံခဲ့သည်။ ရန်ကုန်တွင် တက်ကြွလှုပ်ရှားသူများနှင့်လူထုအဖွဲ့အစည်းများရော အင်းစိန်အကျဉ်းထောင်အတွင်းမှ နိုင်ငံရေးအကျဉ်းသား ၅ ဦးကိုပါတွေ့ဆုံခဲ့သည်။

နေပြည်တော်၏ပူးပေါင်းဆောင်ရွက်မှုအတွက် အိုဂျေကွင်းတားနားက ရိုးသားစွာပင်ကျေးဇူးတင်ခဲ့သော်လည်း ခြိမ်းခြောက်နှောက်ယှက်မှုများနှင့်အစိုးရမှသတ်မှတ်ထားသော အတားအဆီးများကသူ၏ခရီးစဉ်အား အားမလိုအားမရဖြစ်စေခဲ့သည်။

- **ဩဂုတ် ၁၁** - ရိုဟင်ဂျာများခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ အိုဂျေကွင်တားနား အားပြောပြခြင်းမပြုနိုင်စေရန်အတွက် ထိန်းသိမ်းထားသောရိုဟင်ဂျာ ဒါဇင်ပေါင်းများစွာတို့အား အစိုးရအာဏာပိုင်များက ရခိုင်ပြည်နယ် ဘူးသီးတောင်အကျဉ်းထောင်မှ ဘူးသီးတောင်နှင့်မောင်းတောမြို့နယ်မှ အခြားအကျဉ်းစခန်းများသို့ပြောင်းရွှေ့ပို့ဆောင်ခဲ့ကြသည်။
- **ဩဂုတ် ၁၂** - ရခိုင်ပြည်နယ် စစ်တွေနှင့်ဘူးသီးတောင်မြို့နယ်များမှ ရခိုင်ဒေသခံများသည် အိုဂျေကွင်တားနား၏ခရီးစဉ်အား ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ စစ်တွေမြို့နယ်တွင် ဆန္ဒပြသူများသည်အထူးသံတမန်အား ထိပ်တိုက်ရင်ဆိုင်ခဲ့ကြကာ ရိုဟင်ဂျာများအပေါ်ဘက်လိုက်မှုရှိသည်ဟု စွပ်စွဲပြောကြားခဲ့ကြသည်။
- **ဩဂုတ် ၁၄** - အိုဂျေကွင်တားနားအား ကချင်ပြည်နယ် မိုးမောက်မြို့နယ် လိုင်ဇာမှကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ထံသို့သွားရောက်ခွင့်ကို အစိုးရအာဏာပိုင်များက ငြင်းပယ်ခဲ့ကြသည်။
- **ဩဂုတ် ၁၉** - မန္တလေးတိုင်း မိတ္ထီလာတွင် အိုဂျေကွင်တားနား၏ယဉ်တန်းအား ဒေသခံ ၂၀၀ ခန့်ပါဝင်သည့်လူအုပ်စုတစုက တိုက်ခိုက်ခဲ့ကြသည်။ ဆန္ဒပြသူများက သူ့အားအော်ဟစ်ဆဲဆိုနေရင်း သူ၏ကားအားထိုးကြိတ်ကန်ကျောက်ကြသည်။ ထိုဖြစ်ရပ်ကြောင့် အထူးသံတမန်သည် မွတ်စလင် ၁၆၀၀ ခန့်ခိုလှုံနေရသော IDP စခန်းတခုသို့သွားရောက်ရန်အစီအစဉ်ကိုဖျက်သိမ်းခဲ့ရသည်။

မြန်မာနိုင်ငံသည်အရေးကြီးသော လူ့အခွင့်အရေးစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲ - အိုဂျေကွင်တားနား

၁၁ ရက်ကြာခရီးစဉ်အပြီး မြန်မာနိုင်ငံမှပြန်လည်မထွက်ခွါခင်တွင် ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးသံတမန်သောမတ်စ်အိုဂျေကွင်တားနားက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြေငြာချက်တစောင်ကို ဩဂုတ်လ ၂၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေသည် အရေးကြီးသောစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဖော်ပြထားသောထိုကြေငြာချက်က အောက်ပါစိုးရိမ်ဖွယ်ကိစ္စရပ်များကို မီးမောင်းထိုးပြထားသည်။

- ၂၀၁၂ ခုဇူလိုင်လနှင့် ၂၀၁၃ ခုဇူလိုင်လအတွင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ထိန်းချုပ်ဒေသများမှ IDPများထံသို့သွားရောက်၍အကူအညီများပေးနိုင်ရန် UN လူသားချင်းစာနာမှုဆိုင်ရာအေဂျင်စီများအား အစိုးရမှတကြိမ်သာခွင့်ပြုခဲ့သည်။
- ရခိုင်ပြည်နယ်မှ မွတ်စလင်ဘာသာဝင်နှင့်ဗုဒ္ဓဘာသာဝင်များအား ခွဲခြားထားမှုသည့် "ရေရှည်အမြဲတမ်းနီးပါး" ဖြစ်လာခဲ့သည်။

- ရခိုင်ပြည်နယ်ရှိ ကျေးရွာများနှင့် IDP စခန်းများမှရိုဟင်ဂျာများ၏ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်ကို တင်းကြပ်စွာကန့်သတ်ထားဆဲဖြစ်သည်။
- ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ IDPများ၏ဆန္ဒပြမှုများအား အစိုးရလုံခြုံရေးတပ်ဖွဲ့များသည် အင်အားအလွန်အကျွံအသုံးပြု၍ကိုင်တွယ်ဖြေရှင်းခဲ့သည်။
- ၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော မငြိမ်မသက်မှုများနှင့်ဆက်စပ်၍ရိုဟင်ဂျာရာပေါင်းများစွာတို့အား အစိုးရမှစိတ်ထင်သလိုဖမ်းဆီးကာ အားနည်းမပြည့်စုံသောတရားစီရင်မှုများပြုလုပ်ရန်အားထုတ်ခဲ့ကြသည်။
- မြန်မာနိုင်ငံအတွင်းတွင် ယုံကြည်ချက်ကြောင့်အကျဉ်းချခံထားရသူများ ဆက်လက်ရှိနေဆဲဖြစ်သည်။
- ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်းဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုမရှိပေ။
- တင်ပြလာသောအဖွဲ့အစည်းများမှတ်ပုံတင်ခြင်းဥပဒေမူကြမ်း [အောက်မှ *လွှတ်တော်အစည်းအဝေးမှထူးခြားဖြစ်စဉ်များ* တွင်ကြည့်ပါ။] သည်အားကောင်းသောလူထုအဖွဲ့အစည်းများဖွံ့ဖြိုးမှုအား စိုးရိမ်စရာနောက်ပြန်ဆွဲစေကာ တရားဝင်အဖွဲ့အစည်းများအား အစိုးရမှစိတ်ထင်သလိုချုပ်ကိုင်နိုင်ရန်ခွင့်ပြုထားသည်။

မြန်မာနိုင်ငံပြည်တွင်းသတင်း

ရိုဟင်ဂျာများအပေါ် ဥပဒေမဲ့သတ်ဖြတ်မှုများ၊ ကျိုးကြောင်းမဲ့ဖမ်းဆီးခြင်းများနှင့်ထောင်ချအပစ်ပေးခြင်းများဆက်လက်ဖြစ်ပေါ်နေ

ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ရိုဟင်ဂျာများအားသတ်ဖြတ်ခြင်း၊ ကျိုးကြောင်းမဲ့ဖမ်းဆီးခြင်းနှင့်ထောင်ချခြင်းများကို အရေးယူခံရခြင်းမရှိပဲ ဆက်လက်လုပ်ဆောင်နေကြသည်။

- **ဩဂုတ် ၉** - ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အုန်းတောကြီးရွာမှ ဒုက္ခသည်စခန်းနှစ်ခုတွင် IDP များနှင့်ဖြစ်ပွားခဲ့သောပြဿနာများအတွင်း ရဲကရိုဟင်ဂျာ ၂ ဦးအားပစ်သတ်ခဲ့ကာ အခြားတဒါဇင်ကျော်ကိုလည်းဒါဏ်ရာများရစေခဲ့သည်။ IDP ဒုက္ခသည်များသည် ဒေသရဲစခန်းအပြင်ဘက်တွင်စုရုံးပြီး ရိုဟင်ဂျာတံငါသည်တဦး၏အလောင်းအား ထိန်းသိမ်းခွင့်ကိုတောင်းဆိုအပြီးတွင် ထိုပြဿနာများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။
- **ဩဂုတ် ၁၃** - ဩဂုတ်လ ၉ ရက်နေ့က ရဲများမှ IDP များအားဖြိုခွဲခဲ့သဖြင့်ဒါဏ်ရာရ၊ သေဆုံးခဲ့ရသောဓါတ်ပုံများအားအွန်လိုင်းတွင်တင်ခဲ့သည့်အတွက် အသက် ၂၉ နှစ်အရွယ်ရိုဟင်ဂျာအမျိုးသားတဦးဖြစ်သော ကိုသန်းရွှေအားရခိုင်ပြည်နယ် စစ်တွေမှရဲများကဖမ်းဆီးခဲ့ကြသည်။
- **ဩဂုတ် ၂၀၊ ၂၁** - ၂၀၁၂ ခုနှစ်ဇူလိုင်လကဖြစ်ပွားခဲ့သော လူမျိုးဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများနှင့်ဆက်စပ်၍ ရခိုင်ပြည်နယ် ဘူးသီးတောင်မှတရားရုံးတခုက ရိုဟင်ဂျာ ၄၃ ဦးအားထောင်ဒါဏ် ၆ နှစ်မှ တသက်တကျွန်းအထိ အပစ်ဒါဏ်များ အသီးသီးချမှတ်ခဲ့သည်။

ရခိုင်ပြည်နယ်မှအကူအညီပေးရေးဝန်ထမ်းများခြိမ်းခြောက်မှုများဆက်လက်ခံနေရ

ဩဂုတ်လတွင် ရခိုင်ပြည်နယ်မှအကူအညီပေးရေးဝန်ထမ်းများသည် ရခိုင်လူထုအချို့၏ခြိမ်းခြောက် နောက်ယှက်မှုများနှင့်ကြုံတွေ့ခဲ့ရသည်။ ဩဂုတ်လ ၁၈ ရက်နေ့က ရခိုင်ပြည်နယ်မှအကူအညီပေးရေးဝန်ထမ်းတော်တော်များများတို့သည် ရိုဟင်ဂျာဒုက္ခသည်များအားအကူအညီပေးသည့်အတွက် လူမှုကွန်ယက်မီဒီယာများမှ ခြိမ်းခြောက်မှုများကိုခံခဲ့ကြရအပြီးတွင် အလုပ်မှနုတ်ထွက်သွားခဲ့ကြသည်။ ထို့အပြင် ကမ္ဘာ့ကုသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးသံတမန်သောမတ်စ်အိုဂျေကွင်တားနားက အခြေအမြစ်မရှိဟုဖော်ပြခဲ့သည့်စွပ်စွဲမှုများဖြင့် ၂၀၁၂ ခုနှစ်ကဖမ်းဆီးထိန်းသိမ်းထားခဲ့သော INGO ဝန်ထမ်း ၄ ဦးအားလည်းအစိုးရမှဆက်လက်ထိန်းသိမ်းထားခဲ့သည်ဟု သတင်းများရရှိသည်။ [*၂၀၁၃ ဖေဖော်ဝါရီလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာပြည် UN ဌာနေကိုယ်စားလှယ်နှင့်လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး Ashok Nigam ကထိုသူများအားချွင်းချက်မရှိချက်ချင်းပြန်လွှတ်ပေးရန်တောင်းဆိုခဲ့သည်။

နောက်ထပ်မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ

မတ်လက မန္တလေးတိုင်း မိတ္ထီလာမြို့တွင်ဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများသည် ခြောက်လ မြောက်ဆက်တိုက်လအဖြစ် ဆက်လက်ဖြစ်ပွားခဲ့သည်။ ဒေသခံအမျိုးသမီးတဦးအား မွတ်စလင်အမျိုးသားတဦးက လိင်ပိုင်းဆိုင်ရာစော်ကားခဲ့သည်ဟူသော ကောလဟာလများထွက်ပေါ်လာအပြီးတွင် စစ်ကိုင်းတိုင်းကန့်ဘလူမြို့နယ်၊ ထန်ကုန်းကျေးရွာတွင် မွတ်စလင်များပိုင်ဆိုင်သည့်အိမ်နှင့်ဆိုင် ဒါဇင်ပေါင်းများစွာကိုဗုဒ္ဓဘာသာအုပ်စုတခုက ဩဂုတ်လ ၂၄ ရက်နေ့တွင်မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထိုတိုက်ခိုက်မှုများကြောင့်လူ ၃၀၀ ကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ယခင်က မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများတွင်ကဲ့သို့ပင် ရဲများသည်အကြမ်းဖက်မှုများအားတားဆီးရန်ပျက်ကွက်ခဲ့ကြ သည်။ ဒေသခံများနှင့် NLD အမတ်ဦးမြင့်နိုင်တို့က အကြမ်းဖက်မှုများအားထိန်းသိမ်းရန်ပျက်ကွက်ခဲ့ကြသည့် အာဏာ ပိုင်များအားအပစ်တင်ပြောကြားလိုက်သည်။

လွှတ်တော်အစည်းအဝေးမှထူးခြားဖြစ်စဉ်များ

ဩဂုတ်လ ၃၀ ရက်နေ့က လွှတ်တော်သည်၎င်း၏ သတ္တမအကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်တွင်အဆုံး သတ်ခဲ့သည်။ ဩဂုတ်လအတွင်းအရေးကြီးသော ဖြစ်ထွန်းမှုများမှာအောက်ပါအတိုင်းဖြစ်သည်။

- **ဩဂုတ် ၅** - ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်များအား အသင်းအဖွဲ့မှတ်ပုံတင် ခြင်းဥပဒေမူကြမ်းကိုတင်ပြခဲ့သည်။ လူထုနှင့်ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်းဆွေးနွေးခဲ့ခြင်းမရှိပဲ အစိုးရ၏ပြည်ထဲရေးဝန် ကြီးဌာနမှရေးဆွဲခဲ့သည့် ထိုတင်ပြလာသည့်ဥပဒေအရ NGO အားလုံးသည် မှတ်ပုံတင်ခြင်းအားအတည်ပြုပေးခြင်း၊ ပယ်ချခြင်းစသည့် အလုံးစုံလုပ်ပိုင်ခွင့်ရှိသော ဝန်ကြီးဌာနကော်မတီနှင့်မှတ်ပုံတင်ရန်လိုအပ်ပါသည်။ ထိုကော်မတီ အား မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းများ၏လုပ်ငန်းများကို စောင့်ကြည့်ကြီးကြပ်ရန်တာဝန်လည်းပေးအပ်ထားပါ သည်။ ကော်မတီနှင့်မှတ်ပုံတင်ရန်ပျက်ကွက်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ထောင်ဒဏ် ၃ နှစ်အထိ ကျခံရမည်၊ ဒဏ်ငွေ ၅ သိန်းကျပ်ပေးဆောင်ရမည် သို့မဟုတ် ပစ်ဒဏ်နှစ်ရပ်လုံးကိုကျခံရမည်ဖြစ်ပါသည်။
- **ဩဂုတ် ၁၂** - ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီက ၎င်း တို့၏နှစ်စဉ်အစီရင်ခံစာကို ပြည်သူ့လွှတ်တော်အားတင်ပြခဲ့သည်။ ထိုအစီရင်ခံစာက တရားစီရင်ရေးတွင် လွတ်လပ်မှု မရှိခြင်းက နိုင်ငံ၏တရားဥပဒေစိုးမိုးမှုအား အဓိကအတားအဆီးဖြစ်နေပါသည်ဟု ဖော်ပြထားသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ထိုကော်မတီကိုစတင်ဖွဲ့စည်းပြီးချိန်ကတည်းက တရားစီရင်ရေးစနစ်နှင့်ပတ်သက်၍ တိုင်ကြားမှုပေါင်း ၁၁၂၅၉ ခုလက်ခံရရှိခဲ့ပြီးဖြစ်သည်။
- **ဩဂုတ် ၁၉** - ဇူလိုင်လ ၄ ရက်နေ့က ပြည်သူ့လွှတ်တော်အစည်းအဝေးမှအတည်ပြုပေးလိုက်သော ပုံနှိပ်နှင့်ထုတ်ဝေ ရေးဥပဒေကြမ်းအတွက် ပြင်ဆင်ရန်တော်တော်များများကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကအကြံပြုခဲ့ သည်။ အဆိုပြုလာသောထိုပြင်ဆင်ရန်များတွင် အစိုးရပြန်ကြားရေးဝန်ကြီးဌာနအား ထုတ်ဝေခွင့်လိုင်စင်များကိုထုတ် ပေးရန်၊ ရပ်ဆိုင်းထားရန်နှင့်ရုတ်သိမ်းရန် လုပ်ပိုင်ခွင့်ပေးထားသည့်စာပိုဒ်အားဖြုတ်ပယ်ပစ်ရန်လည်း ပါရှိပါသည်။
- **ဩဂုတ် ၂၁** - အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) မှလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က ပြင်းထန်သည့်အိ လက်ထရောနစ်လုပ်ငန်းဥပဒေအားပြင်ဆင်ရန်အဆိုကို ပြည်သူ့လွှတ်တော်တွင်တင်ပြခဲ့သည်။
- **ဩဂုတ် ၂၃** - လွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ပြင်ဆင်ရေးကော်မတီသည် ၎င်း၏ပထမဦးဆုံးအ စည်းအဝေးကို နေပြည်တော်တွင်ကျင်းပခဲ့ကာ ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ၎င်းတို့၏တွေ့ရှိ ချက်များအပေါ်အစီရင်ခံစာတင်သွင်းသွားရန် သဘောတူခဲ့ကြသည်။
- **ဩဂုတ် ၂၃** - ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (RNPP) မှလွှတ်တော်ကိုယ်စားလှယ်ဦးအေးမောင်က နိုင်ငံရေးပါတီ များမှတ်ပုံတင်ခြင်းဥပဒေအားပြင်ဆင်ရန် ဥပဒေကြမ်းကိုအမျိုးသားလွှတ်တော်တွင်တင်ပြခဲ့သည်။ ရိုဟင်ဂျာများ၏နိုင်ငံ ရေးအခွင့်အရေးများအားပယ်ဖျက်ပစ်ရန် ဦးတည်ထားပုံရသည့် ထိုအဆိုပြုလာသောဥပဒေကြမ်းတွင် နိုင်ငံသားမဟုတ် သူများအား နိုင်ငံရေးပါတီထောင်ခွင့်၊ အရွေးခံပိုင်ခွင့်နှင့်ရွေးကောက်ပွဲများတွင်မဲပေးခွင့်တို့ကို တားဆီးထားသည်။
- **ဩဂုတ် ၂၇** - အမျိုးသားလွှတ်တော်က မြန်မာ့ဆက်သွယ်ရေးဥပဒေကြမ်းကို အတည်ပြုလိုက်သည်။
- **ဩဂုတ် ၂၈** - အမျိုးသားလွှတ်တော်က မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းကို အတည်ပြုလိုက် သည်။

ကန့်သတ်မှုများကြားထဲမှ ၈၈၈၈ နှစ်ပတ်လည်အခမ်းအနားများကျင်းပ

> *"ကျွန်တော်တို့ဟာ ၈၈ စိတ်ဓါတ်နဲ့ဆက်လက်သွားကြရမယ်။ တကယ်လို့ ဖိနှိပ်မှုတွေ၊ တရားမမျှတမှုတွေထပ်ဖြစ်လာမယ်ဆိုရင် ၁၉၈၈ ဟာတဖန်ပြန်ပြီးတော့ သက်ဝင်နိုးကြွလာမှာပဲဖြစ်တယ်။"* ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်

ဩဂုတ်လစောစောပိုင်းတွင် မြန်မာပြည်အနှံ့အပြားရှိအလွှာမျိုးစုံတို့မှလူထုများနှင့် တက်ကြွလှုပ်ရှားသူများသည် ၁၉၈၈ လူထုအုံကြွမှု ၂၅ နှစ် မြောက်နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိတွင် နိုင်ငံ၏အကြီးဆုံးအထိမ်းအမှတ်ပွဲအဖြစ် နှစ်ပတ်လည်နေ့ကိုကျင်းပရန်အတွက် ထောင်ပေါင်းများစွာသောလူများသည် ရန်ကုန်ရှိမြန်မာကွန်ဗန်ရှင်းစင်တာတွင်စုဝေးခဲ့ကြသည်။ အဝေးရောက်မြန်မာများ၊ နိုင်ငံရေးသမားများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များနှင့် စာနယ်ဇင်းသမားများအပါအဝင် တက်ကြွလှုပ်ရှားသူများသည်ထိုအခမ်းအနားကိုတက်ရောက်ခဲ့ကြသည်။ သမ္မတရုံးဝန်ကြီးဦးအောင်မင်းနှင့် USDP ပါတီဒုတိယဥက္ကဌဦးဌေးဦးတို့လည်း ခေတ္တခဏတက်ရောက်ခဲ့ကြသည်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်၊ ဒေါ်အောင်ဆန်းစုကြည်တို့အပါအဝင် အခမ်းအနားတွင်စကားပြောဆိုခဲ့ကြသူများသည် ၁၉၈၈ရေးဖြိုခွဲခဲ့မှုတွင်ကျဆုံးခဲ့ရသူများနှင့် ထိုအချိန်ကတည်းကဒီမိုကရေစီရေးအတွက် လှုပ်ရှားမှုများတောက်လျှောက်လုပ်လာခဲ့ကြသော တက်ကြွလှုပ်ရှားသူများအားချီးကျူးဂုဏ်ပြုခဲ့ကြသည်။ ထိုပွဲတွင်ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တိုင်းရင်းသားအရေးကိစ္စ၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေး စသည့်ခေါင်းစဉ်များနှင့် ပတ်သက်သော ဆွေးနွေးပွဲများလည်းပါဝင်ခဲ့ပါသည်။ သုံးရက်တာကျင်းပမှုအပြီး ဩဂုတ်လ ၈ ရက်နေ့တွင် လူထုအဖွဲ့အစည်းများသည်ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြန်လည်ပြင်ဆင်ရန်နှင့် ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ပါရန် တောင်းဆိုခဲ့သည်။ ထို့အပြင်ဩဂုတ်လ ၈ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူများ၊နိုင်ငံရေးအကျဉ်းသားဟောင်းများအပါအဝင်လူ ၅၀ ခန့်တို့သည်ရန်ကုန်မြို့လယ်တလျှောက်ငြိမ်းချမ်းစွာလမ်းလျှောက်ချီတက်ခဲ့ကာ ဆူးလေဘုရားအနီးတွင်ပန်းခွေများချခဲ့ကြသည်။

အခမ်းအနားတော်တော်များများကို ချောမွေ့စွာကျင်းပနိုင်ခဲ့စဉ်မှာပင် နှစ်ပတ်လည်အားကျင်းပခဲ့ကြသည့်သူများအား အစိုးရအာဏာပိုင်များမှခြိမ်းခြောက်နောက်ယှက်သည့် ပြဿနာများစွာလည်းရှိခဲ့ပါသည်။

- **ဩဂုတ် ၅** - တနင်္သာရီတိုင်း ထားဝယ်မြို့မှအစိုးရအာဏာပိုင်များသည် ၁၉၈၈ လူထုအုံကြွမှုအားအထိမ်းအမှတ်ပြုထားသော ဆိုင်းဘုတ်များပိုစတာများအား ဖြုတ်ချဖယ်ရှားပစ်ခဲ့ကြသည်။
- **ဩဂုတ် ၆** - အခမ်းအနားကျင်းပရန်နေရာအားအစိုးရအာဏာပိုင်များမှ ခွင့်မပြုခဲ့သည့်အတွက် ၁၉၈၈ ခုအုံကြွမှုတွင်ကျဆုံးခဲ့ရသူများအား ဂုဏ်ပြုသောအားဖြင့်အမှတ်တရကျောက်တိုင်တွင် ပန်းခွေချရန်ပြုလုပ်ခဲ့ကြသည့်ဒေသခံများအား ပဲခူးတိုင်း၊ပဲခူးမြို့မှရဲများက ထိုသို့မပြုလုပ်ရန်အမိန့်ထုတ်ခဲ့ကြသည်။
- **ဩဂုတ် ၁၅** - စောစောပိုင်းရက်အနည်းငယ်က မန္တလေးတွင်ပြုလုပ်သော ၁၉၈၈ လူထုအုံကြွမှုအထိမ်းအမှတ်အခမ်းအနားအား တက်ရောက်ခဲ့သည့်အတွက် အသက် ၄၈ နှစ်ရှိကျောင်းသားတက်ကြွလှုပ်ရှားသူဟောင်း၊ ဆရာမဒေါ်စိုးစိုးနိုင်အား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိအစိုးရအထက်တန်းကျောင်းမှ အလုပ်ဖြုတ်ပစ်ခဲ့သည်။
- **ဩဂုတ် ၂၇** - ရန်ကုန်မြို့တွင်းတွင် ဩဂုတ်လ ၈ ရက်နေ့ကငြိမ်းချမ်းစွာချီတက်လမ်းလျှောက်ခဲ့ခြင်းနှင့်ဆက်စပ်၍ တက်ကြွလှုပ်ရှားသူ မဖြူဖြူဝင်းနှင့်ဦးဝင်းချိုတို့အား ရန်ကုန် ကျောက်တံတားမြို့နယ်မှအစိုးရအာဏာပိုင်များက ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေများဖြင့် တရားစွဲဆိုခဲ့သည်။

ထို့အပြင် အရက် ၂၀ ကြိုတင်၍ အာဏာပိုင်များထံမှခွင့်ပြုချက်တောင်းခံခြင်းမရှိပဲ မည်သည့်နိုင်ငံရေးအခမ်းအနားမျိုးကိုမဆိုလက်ခံကျင်းပခဲ့ပါက တရားစွဲဆိုအပစ်ပေးခြင်းခံရမည်ဟု ရန်ကုန် ဗဟန်းမြို့နယ်မှစားသောက်ဆိုင်များ၊ ဟော်တယ်များ၊ တည်းခိုခန်းများ၊ ကျောင်းများနှင့်ဘာသာရေးအဆောက်အဦးများအား ရန်ကုန်မှအစိုးရအာဏာပိုင်များကဩဂုတ်လ ၈ ရက်နေ့တွင်သတိပေးထားခဲ့ကြသည်။

ကချင်၊ ကရင်နှင့်ရှမ်းပြည်နယ်များတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေ

ဩဂုတ်လတွင် အစိုးရတပ်များ၏တိုက်ခိုက်မှုများနှင့် အကြမ်းဖက်ချိုးဖောက်မှုများ တိုင်းရင်းသားဒေသများတွင်ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ အစိုးရတပ်များသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ တအောင်းလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) နှင့် ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) တို့အားတိုက်ခိုက်ခဲ့ကြသည်။ ထို့အပြင် အစိုးရတပ်များမှကျောထောက်နောက်ခံပေးထားသော နယ်ခြားစောင့်တပ် (BGF) တပ်များနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ (KIA)တို့နှင့် သီးခြားစီတိုက်ပွဲများဖြစ်ပွားခဲ့သည်။

- **ဩဂုတ် ၄** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် အစိုးရတပ်များသည် KIA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **ဩဂုတ် ၁၂** - ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကွန်စလမ်ရွာတွင် အစိုးရတပ်များနှင့် TNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဩဂုတ် ၁၅** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်တွင် အစိုးရတပ် ခမရ ၅၀၄ မှတပ်များက SSA-N တပ်များအားလက်နက်ကြီးမော်တာများဖြင့် ပစ်ခတ်စဉ်အတွင်း အသက် ၃၄ နှစ်အရွယ်ရှိအမျိုးသမီးတဦးဒါဏ်ရာရခဲ့သည်။ အစိုးရတပ်များကအသက် ၃၉ နှစ်ရှိသူမ၏အမျိုးသားအားလည်းဖမ်းဆီးကာ လမ်းပြအဖြစ်အတင်းလုပ်ခိုင်းခဲ့သည်။
- **ဩဂုတ် ၁၆** - ကရင်ပြည်နယ် ဖာပွန်မြို့နယ်ဝဲကြီးဒေသတွင် BGF တပ်များနှင့် KNLA တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဩဂုတ် ၁၇** - ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါဒေသတွင် BGF နှင့် အစိုးရတပ်များက KIA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **ဩဂုတ် ၁၉** - ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် BGF တပ်များနှင့် KIA တပ်များတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဩဂုတ် ၂၀** - ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် အစိုးရတပ် ခမရ ၅၀၅ နှင့် ၅၀၆ တို့မှတပ်များက KIA တပ်များအားတိုက်ခိုက်ခဲ့ကြသည်။
- **ဩဂုတ် ၂၂** - ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်တွင်အစိုးရတပ်များသည် SSA-S တပ်များအားတိုက်ခိုက်ခဲ့ကြသည်။

အစိုးရနှင့် ABSDF တို့သဘောတူလက်မှတ်ထိုး

ပြီးခဲ့သည့် ၂ နှစ်အတွင်းပြုလုပ်ခဲ့သော အစည်းအဝေးများအပြီးတွင် အစိုးရနှင့်ကျောင်းသားလက်နက်ကိုင်အုပ်စုဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့သည် ၆ ရက်အတွင်း၌သဘောတူညီမှု ၂ ခုအားလက်မှတ်ရေးထိုးခဲ့ကြသည်။

- **ဩဂုတ် ၅** - သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဥက္ကဌရဲဘော်သံခဲဦးဆောင်သော ABSDF ကိုယ်စားလှယ်အဖွဲ့တို့သည်အချက် ၄ ချက်ပါသော ကရင်ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ရန်ကုန်တွင်လက်မှတ်ထိုးခဲ့ကြသည်။ ထိုသဘောတူညီချက်အရ ABSDF မှကရင်ပြည်နယ် မြဝတီမြို့တွင်ဆက်ဆံရေးရုံးဖွင့်ရန်နှင့် ၎င်း၏အဖွဲ့ဝင်များအနေဖြင့် အစိုးရမှသတ်မှတ်ထားသောအချို့နေရာများအတွင်းလွတ်လပ်စွာသွားလာနိုင်ရန်ခွင့်ပြုမည်ဖြစ်သည်။
- **ဩဂုတ် ၁၀** - သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ဥက္ကဌရဲဘော်သံခဲဦးဆောင်သော ABSDF ကိုယ်စားလှယ်အဖွဲ့တို့သည်ရန်ကုန်မြို့တွင် အချက် ၁၂ ချက်ပါပြည်ထောင်စုအဆင့်သဘောတူညီမှုအထိ လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုသဘောတူညီချက်တွင် လွတ်လပ်သောအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးယန္တရားတခုထားရှိရန်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွတ်ပေးရန်၊ ABSDF အားမတရားအသင်းအဖြစ်သတ်မှတ်ထားသည့်စာရင်းမှပယ်ဖျက်ပေးရန်၊ နယ်စပ်တလျှောက်နောက်ထပ်ဆက်ဆံရေးရုံး ၄ ခုထပ်ဖွင့်ရန်၊ အစိုးရတပ်များနှင့် ABSDF တပ်များအတွက်လိုက်နာရန်စည်းမျဉ်းကျင့်ဝတ်များသတ်မှတ်ရေးဆွဲရန်နှင့် နိုဝင်ဘာလတွင်ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲအား ဒုတိယအကြိမ်ထပ်မံပြုလုပ်ရန်ကတိပြုခြင်း စသည်တို့ပါဝင်ပါသည်။

မုံရွာကြေးနီမိုင်း ဆန့်ကျင်ကန့်ကွက်မှုများနှင့် ရင်ဆိုင်နေရဆဲ

စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ်မှမုံရွာကြေးနီမိုင်းကြောင့် ထိခိုက်ခံစားခဲ့ရသောလယ်သမားများနှင့်ရွာသူရွာသားများသည် အစိုးရမှသူတို့၏နစ်နာမှုများအတွက် ကိုင်တွယ်ဖြေရှင်းပေးပါရန်ဆက်လက်တောင်းဆိုခဲ့ကြသည်။

- **ဩဂုတ် ၃** - စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ် ကျေးရွာ ၂၆ ရွာတို့မှဒေသခံများကကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မုံရွာစုံစမ်းစစ်ဆေးရေးကော်မရှင်မှပြုလုပ်ထားသည့် အဓိကအကြံပြုချက်များအား အကောင်အထည်ဖော်ပေးပါရန်တောင်းဆိုခဲ့သည်။ အကြံပြုချက်များတွင် မိုင်းစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်အားဆိုးဝါးသွားစေနိုင်သောသက်ရောက်မှုများအား ကာကွယ်ရန်နှင့်သိမ်းယူခဲ့သောမြေများအတွက် "သင့်တော်သောပေါက်ဈေး" နှင့်ပေးလျော်ရန်တို့ပါဝင်ပါသည်။
- **ဩဂုတ် ၁၃** - စစ်ကိုင်းတိုင်းမုံရွာမြို့တွင်လူ ၅၀ ခန့်တို့သည်မုံရွာကြေးနီမိုင်းအား ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများကမိုင်းစီမံကိန်းလုပ်ငန်းများအား ရပ်ဆိုင်းထားရန်တောင်းဆိုလိုက်ပြီး နိုဝင်ဘာလ ၂၉ ရက်ကစီမံကိန်းအားငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူများကို အကြမ်းဖက်ဖြိုခွဲခဲ့မှုနှင့်ပတ်သက်၍တာဝန်ရှိသောရဲများအား အာဏာပိုင်များမှဖော်ထုတ်အရေးယူပေးပါရန်လည်းတောင်းဆိုခဲ့ကြသည်။
- **ဩဂုတ် ၂၉** - မိုင်းစီမံကိန်းအားငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသူများအား နိုဝင်ဘာလ ၂၉ ရက်ကအကြမ်းဖက်ဖြိုခွဲခဲ့မှု ၉ လပြည့်မြောက်သည့်အထိမ်းအမှတ်ပြုလုပ်ရန်အတွက် စစ်ကိုင်းတိုင်းမုံရွာတွင်လူ ၁၅၀ ခန့်တို့မှဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများက မိုင်းစီမံကိန်းလုပ်ငန်းများအားရပ်ဆိုင်းထားရန်နှင့် အကြမ်းဖက်ဖြိုခွဲခဲ့မှုနှင့်ပတ်သက်၍တာဝန်ရှိသောရဲများအား အာဏာပိုင်များမှဖော်ထုတ်အရေးယူပေးပါရန်တောင်းဆိုခဲ့ကြသည်။ စက်တင်ဘာလ ၃၀ ရက်နေ့နောက်ဆုံးထား၍ သိမ်းယူထားသောမြေယာများအတွက်လျော်ကြေးကိုလက်ခံရန် ရွာသူရွာသားများအားအစိုးရမှအတင်း အကြပ်ကိုင်နေသည့်လုပ်ဆောင်မှုများကိုလည်း ဆန္ဒပြသူများမှကန့်ကွက်ခဲ့ကြသည်။

ရေကြီးမှုဒါဏ်မြန်မာနိုင်ငံခံရ

ဩဂုတ်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ၏တိုင်းနှင့်ပြည်နယ် ၁၄ ခုတို့မှအနည်းဆုံး ၈ ခုတို့တွင်ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။ မြို့နယ် ၆ ခုတို့၌မိုးသည်းထန်မှုဒါဏ်ကိုခံခဲ့ကြရကာ ဇူလိုင်လကုန်ပိုင်းလောက်မှစတင်၍ ရေကြီးခဲ့သည်ကရင်ပြည်နယ်သည် အဆိုးဝါးဆုံးရေကြီးမှုဒါဏ်ခံခဲ့ရသည့်ဒေသများမှတခုဖြစ်သည်။ ဩဂုတ်လ ၁ ရက်နေ့တွင်အစိုးရသတင်းစာများက ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရေကြီးမှုကြောင့်လူ ၃၈၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်ဟုသတင်းဖော်ပြခဲ့ကြသည်။ ဩဂုတ်လ ၅ ရက်နေ့တွင်အစိုးရက ထိုရုတ်တရက်ရေကြီးမှုကြောင့် ကရင်ပြည်နယ်တွင် ၆ ဦးသေဆုံး၍ ၁ ဦးပျောက်ဆုံးခဲ့ရသည်ဟုပြောကြားခဲ့သည်။

လူ့အခွင့်အရေး

ကျိုးကြောင်းမဲ့ဖမ်းဆီးမှုများနှင့်ထောင်ချအပစ်ပေးမှုများဆက်လက်ဖြစ်ပေါ်နေ

ဩဂုတ်လထဲတွင်အစိုးရသည် တက်ကြွလှုပ်ရှားသူများနှင့်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား စိတ်ထင်သလိုဖမ်းဆီးထောင်ချနိုင်ရန်အတွက် ရာဇဝတ်မှုပုဒ်မတခုဖြစ်သော ၅၀၅ (ခ) နှင့် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေတို့အားဆက်လက်အသုံးပြုခဲ့ကြသည်။ ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ အာဏာပိုင်များထံကြိုတင်ခွင့်ပြုချက်မတောင်းခံပဲပြုလုပ်ခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင်ပါဝင်ခဲ့၍ဟုဆိုကာ တက်ကြွလှုပ်ရှားသူ ၂၀ ဦးအား အစိုးရအာဏာပိုင်များကစိတ်ထင်သလိုဖမ်းဆီးခဲ့သည်။

- **ဩဂုတ် ၂** - အစိုးရအာဏာပိုင်များသည် တက်ကြွလှုပ်ရှားသူကိုထင်ကျော်၊ ကိုလှုအေး၊ ကိုစိန်ထွေးနှင့်ကိုမြင့်နိုင်တို့အား ဇူလိုင်လ ၃၀ ရက်နေ့ကရန်ကုန်တောင်ဥက္ကလာပမြို့နယ်တွင် မြေယာသိမ်းဆည်းမှုများအားဆန့်ကျင်၍ငြိမ်းချမ်း

စွာဆန္ဒပြခဲ့မှုနှင့်ဆက်စပ်ကာ ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေ၊ ရာဇဝတ်မှုပုဒ်မတခုဖြစ်သော ၅၀၅ (ခ) တို့ဖြင့်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

- **ဩဂုတ် ၁၃** - မုံရွာကြေးနီးမိုင်းအားငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြမှုတွင်ပါဝင်ခဲ့သည့်အတွက် နိုင်ငံရေးအကျဉ်းသူဟောင်း ဒေါ်နော်အုန်းလှအပါအဝင် အမျိုးသမီး ၁၀ ဦးအားစစ်ကိုင်းတိုင်းမုံရွာမှရဲများက ဖမ်းဆီးခဲ့သည်။ ညနေပိုင်းတွင်အာဏာပိုင်များက ဒေါ်နော်အုန်းလှမှလွဲ၍အခြားအမျိုးသမီးများအားပြန်လွတ်ပေးခဲ့သည်။ နောက်တနေ့တွင် စစ်ကိုင်းတိုင်းမုံရွာမြို့မှအစိုးရအာဏာပိုင်များက အမျိုးသမီး ၁၀ ဦးလုံးအား ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ သတ်မှတ်တရားစွဲဆိုခဲ့သည်။ ဒေါ်နော်အုန်းလှမှာမူ ရာဇဝတ်မှုပုဒ်မတခုဖြစ်သော ၅၀၅ (ခ)အရ နိုင်ငံတော်အားအကြည်ညိုပျက်စေသည်ဟူသောစွပ်စွဲချက်ကိုပါ ထပ်မံရင်ဆိုင်ခဲ့ရသည်။
- **ဩဂုတ် ၂၇** - ရန်ကုန်မြို့မှရဲများသည် တက်ကြွလှုပ်ရှားသူများဖြစ်သော ကိုတင်ထွတ်ပိုင်၊ ကိုလှိုင်မင်းဦး၊ ကိုစည်သူ၊ ကိုကျော်သူ၊ မနီလာဟန်နှင့်ကိုကျော်နေလင်းတို့အားဖမ်းဆီးခဲ့သည်။ ထိုခြောက်ဦးတို့သည် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအားဆန့်ကျင်ကန့်ကွက်ရန်အတွက် ရန်ကုန်မြို့မှမြို့နယ် ၇ ခုတို့ကိုဖြတ်ကာငြိမ်းချမ်းစွာချီတက်ဆန္ဒပြခဲ့ကြသည့်ဆန္ဒပြသူ ၂၀ ဦးအုပ်စုမှဖြစ်ကြပါသည်။
- **ဩဂုတ် ၂၉** - စစ်ကိုင်းတိုင်းမုံရွာမှတရားရုံးတခုက ဒေါ်နော်အုန်းလှအားဩဂုတ်လ ၁၃ ရက်နေ့ဆန္ဒပြမှုနှင့်ဆက်စပ်၍ ရာဇဝတ်မှုပုဒ်မတခုဖြစ်သော ၅၀၅ (ခ)အရ နိုင်ငံတော်အားအကြည်ညိုပျက်စေသည်ဟူသောစွဲဆိုမှုဖြင့် ထောင်ဒဏ် ၂ နှစ်ချမှတ်ခဲ့သည်။

ထို့အပြင်ဩဂုတ်လ ၆ ရက်က စစ်ကိုင်းတိုင်းဆားလင်းကြီးမြို့နယ် မုံရွာကြေးနီမိုင်းအနီးမှဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းအား အာရုံတက်ချိန်ဝင်ရောက်စီးနင်းခဲ့မှုအတွင်း ရဲအထူးသတင်းတပ်ဖွဲ့မှ ဒေသခံရွာသား ၄ ဦးအားဖမ်းဆီးခဲ့သည်။ ထိုစီးနင်းမှုသည် မုံရွာကြေးနီမိုင်းအားကန့်ကွက်စည်းရုံးလှုပ်ရှားမှုများပြုလုပ်နေသော တက်ကြွလှုပ်ရှားသူများအားရှာဖွေရန်အတွက် ရဲများမှဘုန်းတော်ကြီးကျောင်းအတွင်း ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်နိုင်သည်ဟုယုံကြည်ရပါသည်။

အိုးအိမ်မှဖယ်ရှားခံရခြင်းများ

ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားသောရိုဟင်ဂျာများအတွက်စိုးရိမ်ပူပန်မှုများ

ဩဂုတ်လတွင် ထိုင်းနိုင်ငံတွင်ထိန်းသိမ်းခံထားရသော ခိုလှုံခွင့်ရှာဖွေနေသူရိုဟင်ဂျာများနှင့်ပတ်သက်သည့် အဖြစ်အပျက်တော်တော်များများတို့သည် သူတို့၏နေမှုထိုင်မှုတို့အတွက်စိုးရိမ်ပူပန်မှုများကို ပိုမိုမြင့်တက်လာစေခဲ့သည်။

- **ဩဂုတ် ၈** - ဖန်ငခရိုင်ထိန်းသိမ်းရေးစခန်းမှ ရိုဟင်ဂျာအများအပြားအားထွက်မပြေးနိုင်စေရန်အတွက် ထိုင်းရဲများသည် အားပြင်းသောရေပိုက်များကိုအသုံးပြုခဲ့ကြသည်။
- **ဩဂုတ် ၉** - ဆောင်ခလာခရိုင် ဆာဒါအိုအပိုင်ရဲစခန်းရှိအကျဉ်းခန်းမှ ခိုလှုံခွင့်ရှာဖွေနေသူရိုဟင်ဂျာ ၃၀ ဦးထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။
- **ဩဂုတ် ၂၀** - ဆောင်ခလာခရိုင် ဆာဒါအိုရှိ လဝက ထိန်းသိမ်းရေးစခန်းမှ ခိုလှုံခွင့်ရှာဖွေနေသူရိုဟင်ဂျာအနည်းဆုံး ၈၆ ဦးထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဩဂုတ်လ ၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးက ဩဂုတ်လ ၈ ရက်နေ့ကလွတ်မြောက်ရန်ကြိုးပမ်းမှုသည် ထိန်းသိမ်းရေးစခန်းတွင်ထိန်းသိမ်းခံနေရသောရိုဟင်ဂျာများအကြား အားမလိုအားမရမှုများတိုးလာနေမှုကိုပြသလိုက်ခြင်းပင်ဖြစ်ကာ ထိုစခန်းများသည်လူများစွာကိုအချိန်ကြာမြင့်စွာထိန်းသိမ်းထားနိုင်ရန် တည်ဆောက်ထားခြင်းမဟုတ်ပါဟုပြောကြားခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) ကထိုင်းအစိုးရအား "လူသားမဆန်သော၊ လုံခြုံမှုမရှိသောအခြေအနေ" အောက်တွင်ထိန်းသိမ်းထားသော ခိုလှုံခွင့်ရှာဖွေနေသူရိုဟင်ဂျာ၂၀၀၀ ကျော်တို့အားလွှတ်ပေးရန်၊ ယာယီအကာအကွယ်ပေးထားမှုအောက်တွင် ထိုင်းနိုင်ငံ□နေထိုင်၍အလုပ်လုပ်ကိုင်နိုင်ရန်ခွင့်ပြုပေးရန်နှင့် သူတို့အားအကူအညီ၊ အကာအကွယ်ပေးနိုင်ရန်အတွက် UNHCR နှင့်အခြားနိုင်ငံတကာအဖွဲ့အစည်းများမှ အပြည့်အဝထိတွေ့ဆက်ဆံနိုင်မှုကိုသေသေ

ချာချာလုပ်ဆောင်ပေးရန်တောင်းဆိုလိုက်သည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ထိန်းသိမ်းထားစဉ်အတွင်း ရှိဟင်ဂျာအမျိုးသား ၈ ဦးဖျားနာသေဆုံးခဲ့ရသည်ဟု ပြောကြားလိုက်သည်။

ဩဂုတ်လအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	အစိုးရရွေးကောက်ပွဲကော်မရှင်က လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) All Nationalities Democracy Party (Kayah State) ၏နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုခဲ့သည်။
၁	အစိုးရ၏ အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်က မြန်မာနိုင်ငံမှအလုပ်သမားအင်အား ၃၂ သန်းအနက် ၇၀ % မှာကျွမ်းကျင်မှုမရှိသောလုပ်သားများသာဖြစ်သည်ဟု ပြောကြားလိုက်သည်။
၁	ကျော်ကြားသောလူရွှင်တော်လည်းဖြစ်၊ နိုင်ငံရေးအတိုက်အခံတဦးလည်းဖြစ်သူ ဦးပါပါလေးသည်အသက် ၆၇ နှစ်အရွယ်တွင် မန္တလေးမြို့၌ကွယ်လွန်သွားခဲ့သည်။
၁	ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးရွာ ၃၀ မှရွာသားများသည် ဒေသအစိုးရအာဏာပိုင်များထံစာပို့၍ ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့အပြိုင်ပိုက်လိုင်း ဆောက်လုပ်ခဲ့ခြင်းအတွက်လျော်ကြေးအဖြစ်ကျောင်းများ၊ ဆေးခန်းများနှင့်လမ်းများဆောက်လုပ်ပေးရန်တောင်းဆိုခဲ့ကြသည်။
၁	မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ဒဲရစ်ခ်မစ်ရှယ်လ် (Derek Mitchel) ကအမေရိကန်သည်မြန်မာ့တပ်မတော်နှင့် ဩဂုတ်လအတွင်းတွင် လူသားချင်းစာနာမှုဆိုင်ရာကိစ္စများ၊ အရာရှိများ၏အရည်အချင်း ပြည့်ဝမှုဆိုင်ရာကိစ္စများနှင့်လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ စတင်ဆက်စပ်ဆောင်ရွက်သွားရန်စီစဉ်နေပါသည်ဟု ပြောကြားလိုက်သည်။
၁	ရန်ကုန်တက္ကသိုလ်တွင်စကားပြောရာ၌ UK အောက်လွှတ်တော်ဥက္ကဌဂျွန်ဘာကောင်း John Bercow ကကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားများအားချွင်းချက်မရှိလွှတ်ပေးရန်၊ ၂၀၀၈ အခြေခံဥပဒေအားပြင်ဆင်ရန်၊ စစ်မှန်သောတနိုင်လုံးအတိုင်းအတာဆောင်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဖော်ဆောင်ရန်၊ တပ်မတော်၏လူ့အခွင့်အရေးချိုးဖောက်မှုများကိုအဆုံးသတ်ရန်နှင့် ၁၉၈၂ခုနိုင်ငံသားပြုမှုဥပဒေကိုပြန်လည်သုံးသပ်ရန်စသည်တို့ကို အစိုးရအားတောင်းဆိုလိုက် သည်။
၂	သမ္မတရုံးဝန်ကြီးဦးလှထွန်းက မုံရွာကြေးနီမိုင်းသည် မြန်မာနိုင်ငံအတွက် "စံပြစီမံကိန်း" တခုဖြစ်သည်ဟု ပြောကြားလိုက်သည်။
၃	သမ္မတရုံးဝန်ကြီးဦးအောင်မင်းက အစိုးရမှ IDP များအားပြန်လည်နေရာချထားရန်အတွက် နိုင်ငံတကာမှအကူအညီများကိုမြန်မာနိုင်ငံအနေဖြင့်လိုအပ်နေပါသည်ဟု ပြောကြားလိုက်သည်။
၃	ဝါတော်ကြီးရင့်သောဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါးဖြစ်သည့် ဦးရက္ခဝံသကနိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန်တောင်းဆိုသည့်အနေဖြင့် ရန်ကုန်မြို့လယ်တွင်အစာငတ်ခံဆန္ဒပြမှုကိုစတင်ခဲ့သည်။
၆	မန္တလေးမြို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပါအဝင် လူ ၆၀၀ ခန့်တို့သည် နိုင်ငံတကာမီဒီယာသတင်းများမှ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မှားယွင်းစွာဖော်ပြခဲ့မှုများအပေါ် ဆန္ဒထုတ်ဖော်ပြသခဲ့ကြသည်။
၇	သမ္မတဘားရက်အိုဘားမားက မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်မှုနှင့်ဒီမိုကရေစီဥပဒေအရ မြန်မာနိုင်ငံမှသွင်းကုန်များကို ပိတ်ပင်သည့်အမိန့်အမှတ် ၁၃၃၁၀ အားပယ်ဖျက်ရန် အမိန့်တခုထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ကျောက်စိမ်းနှင့်ပတ္တမြားများတင်သွင်းခြင်းကိုပိတ်ပင်သည့်ဥပဒေကိုမူ သက်တမ်းတိုးလိုက်သည်။
၇	အစိုးရက ဦးအောင်ထွန်းသက်နှင့်ဦးဇော်ဦးတို့ကို သမ္မတ၏စီးပွားရေးအကြံပေးများအဖြစ်လည်းကောင်း၊ ဦးဉာဏ်နိုင်ဝင်းအား သမ္မတ၏ဥပဒေအကြံပေးအဖြစ်လည်းကောင်းခန့်အပ်ခဲ့သည်။
၇	တပ်မတော်က ကလေး ၆၈ ဦးအား ၎င်း၏တပ်ဖွဲ့များအတွင်းမှ ပြန်လွှတ်ပေးလိုက်သည်။
၉	ABSDF ဒုတိယဥက္ကဌရဲဘော်မျိုးဝင်းက ကချင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ၁၉၉၂ခု ABSDF တပ်ဖွဲ့ဝင်များအစုအပြုံလိုက်သတ်ဖြတ်ခံရမှုနှင့်ပတ်သက်သည့်အစီရင်ခံစာကို ဒီဇင်ဘာလတွင်အဖွဲ့မှထုတ်ပြန်လိမ့်မည်ဟု ပြောကြားခဲ့သည်။
၉	အစိုးရရွေးကောက်ပွဲကော်မရှင်က ကယားအမျိုးသားများဒီမိုကရေစီပါတီ (Kayah National Race Democracy Party) ၏ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခြင်းကိုခွင့်ပြုခဲ့သည်။
၉	ထိုင်းနိုင်ငံမှ Emerald Grand Group နှင့်မြန်မာနိုင်ငံမှ ဆိပ်ကမ်းအာဏာပိုင် တို့သည်မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်မှပင်လယ်ရေနက်ဆိပ်ကမ်းပရောဂျက်အတွက် ဖြစ်နိုင်ချေစမ်းစစ်လေ့လာမှုပြုလုပ်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။
၁၀	အစိုးရသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပဲခူးတိုင်းတွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကော်ပိုရေးရှင်းမှဦးဆောင်သည့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တခုကိုရွေးချယ်ခဲ့သည်။
၁၃	အမျိုးသားလွှတ်တော်ဥက္ကဌဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှကိုယ်စားလှယ်

	များနှင့် နေပြည်တော်တွင်ပြုလုပ်သောသီးခြားအစည်းအဝေးတွင် ပုံနှိပ်နှင့်ထုတ်ဝေရေးဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။
၁၃	ဖွံ့ဖြိုးရေးအတွက်အမျိုးသားဒီမိုကရက်တစ်ပါတီမှ ဥက္ကဋ္ဌဦးအဘူတာဟေးက ရခိုင်ပြည်နယ်မှဘာသာရေးပဋိပက္ခများအား အဆုံးသတ်သွားစေရန်အတွက် ရခိုင်နှင့်ရိုဟင်ဂျာလူထုတို့၏ ကိုယ်စားလှယ်များနှင့်အစိုးရအရာရှိများအကြား ဆွေးနွေးမှုများပြုလုပ်ပါရန်တောင်းဆိုလိုက်သည်။
၁၃	သမ္မတဦးသိန်းစိန်က ဦးတင်ဦးလွင်အားနိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးအောင်မြတ်ဦးအား မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ဒေါ်လဲ့လဲ့သိန်းအားအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။
၁၄	ထိုင်းနိုင်ငံခြားရေးဝန်ကြီးဆူရာပွန်တိုဗီချက်ချိုင်းကူ Surapong Tovichakchaikul က အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားသည့် ခိုလှုံခွင့်ရှာဖွေသည့်ရိုဟင်ဂျာများအား နေရပ်ပြန်ပို့ရေးကိစ္စကိုဆွေးနွေးခဲ့သည်။
၁၄	နေပြည်တော်မှ ဒုတိယဝန်ကြီးများခန့်အပ်သည့်အခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်းတွင် သမ္မတဦးသိန်းစိန်က အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ဆွေးနွေးပွဲများအပြီးတွင် "သေနတ်သံများငြိမ်သက်သွားပြီ" ဟုပြောကြားလိုက်သည်။
၁၆	ထိုင်းအာဏာပိုင်များက မူးယစ်ဆေးကုန်ကူးသူဟုသံသယရှိသူ ဦးရွှေနအားမြန်မာနိုင်ငံသို့ပြန်ပို့ခဲ့သည်။
၁၆	အစိုးရလျှပ်စစ်စွမ်းအားဝန်ကြီးဌာနအရာရှိများက ရှမ်းပြည်နယ်သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းသုံးခုဆောက်လုပ်ခြင်းကို နေပြည်တော်မှဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။
၁၆	UN လုံခြုံရေးကောင်စီ ကလေးနှင့်လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာအလုပ်အဖွဲ့က ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ပြီး တပ်မတော်တပ်ရင်း၊တပ်ဖွဲ့များအတွင်းမှ ကလေးများအားရှာဖွေဖော်ထုတ်ရန်၊ မှတ်ပုံတင်ရန်၊ ပြန်လွှတ်ပေးရန်တို့နှင့် နိုင်ငံဆိုင်ရာအလုပ်အဖွဲ့အား ကလေးစစ်သားများရှိနေနိုင်သည့် စစ်တပ်စခန်းများနှင့်အခြားနေရာများသို့ဝင်ရောက်စစ်ဆေးခွင့်ပြုပါရန် မြန်မာအစိုးရအားတောင်းဆိုလိုက်သည်။
၁၇	ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဒီပူမိုနီ Dipu Moni သည် ဘင်္ဂလားဒေ့ရှ် ကော့စ်ဘဇားရှိ ကူတူပလွန်ဒုက္ခသည်စခန်းမှ ရိုဟင်ဂျာဒုက္ခသည်များနှင့်တွေ့ဆုံခဲ့သည်။
၁၈	ရခိုင်အမျိုးသားတိုးတက်ရေးပါတီက ရခိုင်ပြည်နယ်မှအခြေခံအဆောက်အအုံနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများမှ အကျိုးအမြတ်များအား ဒေသခံလူထုအကြားတွင်ပြန်လည်မျှဝေပေးရန်တောင်းဆိုသည့် လက်မှတ်ထိုးလှုပ်ရှားမှုတခုကို စတင်လိုက်သည်။
၂၀	၈၈ မျိုးဆက်ကျောင်းသားများမှ ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သော ၂ ရက်တာညီလာခံအပြီးတွင် မြန်မာနိုင်ငံအနှံ့အပြားမှ လယ်သမား ၅၀၀ ခန့်တို့သည် မြေယာသိမ်းယူမှုများအတွက် လုံလောက်သောလျော်ကြေးများပေးရန်နှင့် အာဏာပိုင်များမှ မြေသိမ်းယာသိမ်းကိစ္စများကိုဆန့်ကျင်ဆန္ဒပြကြသည့် လယ်သမားများအားဖမ်းဆီးမှုများကို ရပ်တန့်ပါရန်အစိုးရအား တိုက်တွန်းလိုက်သည်။
၂၀	လူ ၅၀ ခန့်တို့သည် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ရန်ကုန် ဘိုတထောင်မြို့နယ်မှမြေများသိမ်းယူထားသည့်ကိစ္စ အပေါ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။
၂၀	လူ့အခွင့်အရေးအတွက်သမားတော်များအဖွဲ့ Physicians for Human Rights က "မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုပုံစံများ" အမည်ရှိအစီရင်ခံစာတစောင်ကို ထုတ်ပြန်ခဲ့ကာထိုအစီရင်ခံစာတွင် မွတ်စလင်များအပေါ်ဆန့်ကျင်အကြမ်းဖက်လာစေရန် စနစ်တကျပြုလုပ်နေသည့်လှုပ်ရှားမှုများအတွက် အစိုးရ၏ "လက်မခံနိုင်ဖွယ်ရာထောက်ပံ့ရေးနည်းလမ်းများ" သည် လူသားဆန်မှုအားပျက်ယွင်းစေသည့်ရာဇဝတ်မှုများ သို့မဟုတ် မျိုးတုန်းသတ်ဖြတ်မှုများဖြစ်ပေါ်လာစေမည့်ဘက်သို့ ဆွဲခေါ်နေသည်ဟုဖော်ပြထားသည်။
၂၂	အမျိုးသားလွှတ်တော်က အစိုးရသမဝါယမဝန်ကြီးဌာနမှတဆင့် ဆင်းရဲမွဲတေမှုလျော့ချရေးအစီအစဉ်သို့ ငွေကြေးထောက်ပံ့နိုင်ရန်အတွက် တရုတ်နိုင်ငံထုတ်ကုန်-သွင်းကုန်ဘဏ် China's Export-Import Bank မှတနှစ်လျှင် ၄.၅% အတိုးနှုန်းဖြင့် ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးယူရန်ခွင့်ပြုလိုက်သည်။
၂၂	နယ်စည်းမခြားဆရာဝန်များအဖွဲ့က မြန်မာနိုင်ငံသည် နှစ်စဉ်ရောဂါကူးစက်ခံရသူခန့်မှန်းခြေ ၈၉၀၀ ခန့်နှင့် ဆေးခံနိုင်ရည်ရှိသွားသော တီဘီရောဂါ၏ "အရေးပေါ်ကျန်းမာရေးစိန်ခေါ်မှု" နှင့်ရင်ဆိုင်နေရသည်ဟုသတိပေးလိုက်သည်။
၂၃	အစိုးရရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများသည် နိုင်ငံခြားအလှူရှင်များထံမှငွေကြေးထောက်ပံ့မှုကိုလက်ခံပါက ပါတီဖျက်သိမ်းခြင်းခံရမည်ဟု သတိပေးပြောကြားလိုက်သည်။
၂၃	KIO ဒုတိယဥက္ကဋ္ဌဟောင်းဦးတူးဂျာက ၂၀၁၅ ခုရွေးကောက်ပွဲဝင်ရန်အတွက် ကချင်ပြည်နယ်ဒီမိုကရေစီပါတီ အမည်ရှိနိုင်ငံရေးပါတီအသစ်တခုကို မှတ်ပုံတင်ရန်စီစဉ်နေပါသည်ဟု ပြောကြားလိုက်သည်။
၂၄	အစိုးရအာဏာပိုင်များက စစ်တွေမြို့နယ်အောင်မင်္ဂလာမှ မွတ်စလင်ဒုက္ခသည် ၅၇၇ ယောက်အား စစ်တွေမြို့အပြင်ဘက်ရှိဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်းခဲ့ကြသည်။
၂၇	လူ့အခွင့်အရေးအတွက်အာဆီယံလွှတ်တော်အမတ်များအဖွဲ့က ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ အစိုးရအားမွတ်စ

	လင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများမဖြစ်ပွားအောင်ကာကွယ်ပေးရန်၊ ကျူးလွန်သူများကိုအရေးယူရန်နှင့် ဗုဒ္ဓဘာသာနှင့် မွတ်စလင်များအကြားပဋိပက္ခများကိုပိုမိုဆိုးရွားလာစေသည့် အခြေခံတင်းမာမှုများကိုကိုင်တွယ်ဖြေရှင်းပါရန်တောင်းဆို လိုက်သည်။
၂၇	UNအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးဗိုလ်ရေနမ်းဘီးယား Vijay Nambiar သည်ကချင် ပြည်နယ်မြစ်ကြီးနားနှင့်ဝိုင်းမော်တို့မှ ဒုက္ခသည်စခန်းများသို့သွားရောက်ခဲ့သည်။
၂၈	မြန်မာအစိုးရကနိုင်ငံခြားသားများအား ထိုင်းနယ်စပ်တလျှောက်ရှိအဓိကနယ်စပ်ဖြတ်ကျော်ဂိတ် ၃ ခုမှမြန်မာနိုင်ငံအတွင်း သို့ဝင်ရောက်နိုင်ပြီး မိမိတို့ကြိုက်နှစ်သက်ရာဂိတ်ပေါက်မှပြန်လည်ထွက်ခွါနိုင်ရန်ခွင့်ပြုလိုက်သည်။
၂၈	UN အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးဗိုလ်ရေနမ်းဘီးယား Vijay Nambiar သည် KIO ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ကာ ကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာမှ ဒုက္ခသည်စခန်းများသို့သွားရောက်ခဲ့ပါ သည်။
၂၉	စင်္ကာပူကုမ္ပဏီတခုဖြစ်သည့် Fraser & Neave က ၎င်းတို့၏ မြန်မာနိုင်ငံမှလုပ်ငန်းပူးပေါင်းလုပ်ကိုင်သူ စစ်တပ်ပိုင်ကော်ပို ရေးရှင်းတခုဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်သည် မြန်မာဘီယာ/အရက်ချက်လုပ်ငန်းအား လုံးဝပိုင်ဆိုင် နိုင်ရန်အတွက် ဥပဒေပိုင်းဆိုင်ရာဆက်လက်လုပ်ဆောင်များစတင်သွားရန် စီစဉ်နေသည်ဟုပြောကြားလိုက်သည်။

ဩဂုတ်လအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုပုံစံများ-တာဝန်ယူမှုနှင့်ကြိုတင်ကာကွယ်မှုကိုတောင်းဆိုခြင်း" လူ့အခွင့်အရေး အတွက်သမားတော်များအဖွဲ့ Physicians for Human Rights (PHR) http://bit.ly/19uqPjP

"ပေါ်လစီအကျဉ်းချုပ်၊ မြန်မာနိုင်ငံ-ဘာသာရေးနှင့်တိုင်းရင်းသားအကြမ်းဖက်မှုများ၏ရိုက်ခတ်မှုများ၊ ၂၀၁၃ခု ဩဂုတ်လ" US နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ကော်မရှင် US Commission on International Religious Freedom (USCIRF) http://1.usa.gov/17iA8l5

"ရခိုင်တုန့်ပြန်မှုအစီအစဉ် (မြန်မာနိုင်ငံ) ၂၀၁၂ ခု ဇူလိုင် - ၂၀၁၃ ခု ဒီဇင်ဘာ" လူသားချင်းစာနာမှုဆိုင်ရာကိစ္စများအတွက် UN ရုံး UN Office for the Coordination of Humanitarian Affairs (UNOCHA) http://bit.ly/16HkkYL

"လျှပ်တပြက်နောက်ဆုံးသတင်းမြန်မာပြည် - လျှပ်တပြက်ရေးကြီးမှု၊ ၂၀၁၃ ခု ဩဂုတ်လ ၈ ရက်" လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စများအတွက် UN ရုံး [UN Office for the Coordination of Humanitarian Affairs (UNOCHA)] http://bit.ly/1a0weC6